CTUM

# အလုပ်သမားသမဂ္ဂသင်တန်းဆရာများကွန်ဖရင့်

Green Hill Hotel, ရန်ကုန်၊ မြန်မာ

၂၀၁၉ ခုနှစ်၊ ဩဂုတ်လ (၂၇-၂၈) ရက်

ULANDSSEKRETARIATET – DTDA
DANISH TRADE UNION DEVELOPMENT AGENCY

## *CTUM ပညာရေးမူဝါဒ နှင့် လုပ်ငန်းစဉ်များ*
## *ပညာရေးမှတဆင့် သမဂ္ဂတောင့်တင်းခိုင်မာရေး*

မိတ်ဆက်

မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (CTUM) သည် သက်တမ်းနနယ်ပြီး လွန်ခဲ့သော ဆယ်စုနှစ်အတွင်း စုစည်းအောင်မြင်မှုများ ရရှိခဲ့သည်။ နိုင်ငံအတွင်းရှိ ကွဲပြားခြားနားသော လုပ်ခွင်မျိုးစုံတို့တွင် လုံခြုံမှုမရှိသော ကျန်းမာရေးနှင့် မလျော်ညီသော လုပ်ငန်းခွင် အနေအထားများ၊ ဆက်လက်ဆောင်ရွက်စရာ ကဏ္ဍများ၊ အလုပ်သမားများနှင့် လုပ်ငန်းခွင်နှင့် ဆက်လျဉ်းသည့်ကိစ္စများအတွက် အထောက်အကူမဖြစ်သော ဥပဒေများနှင့်အတူ ရှုပ်ထွေး နက်နဲသော အကြောင်းအရာများကို ကိုင်တွယ်ဆောင်ရွက်ရန်လည်း လိုအပ်နေဆဲ ဖြစ်ပါသည်။ မြန်မာနိုင်ငံလူမှုအဖွဲ့အစည်းအတွင်း သမဂ္ဂရည်မှန်းချက် ဖြစ်သည့် လူမှုရေးတရားမျှတမှုပေါ် အခြေခံသည့် တိုးတက်ပြောင်းလဲမှုများ ဖြစ်လာစေရေးအတွက် သမဂ္ဂလှုပ်ရှားမှု အောင်မြင်ထွန်းပေါက်စေရန် ကောင်းစွာလေ့ကျင့်ထားသော ခေါင်းဆောင်မှုနှင့်အတူ ကောင်းစွာလေ့ကျင့်ထားသောသမဂ္ဂဝင်များ ရှိရန်လိုအပ်ပါသည်။

CTUM နှင့် ယင်း၏သမဂ္ဂပညာပေးရေး အစီအစဉ်များသည် အခက်အခဲများပြန်းတီးနေသော ပါတ်ဝန်းကျင်တွင် ရှုပ်ထွေးနက်နဲသောလုပ်ငန်းများနှင့် ရင်ဆိုင်နေရလျက်ရှိပါသည်။ လုပ်ငန်းခွင်များအတွင်းနှင့် လူမှုရေးအသိုင်းအဝိုင်းအတွင်း သမဂ္ဂအနေနှင့် တိုးတက်ပြောင်းလဲမှုများဖြစ်စေရန် CTUM သမဂ္ဂပညာရေးသည် အလုပ်သမားများကို လှုံ့ဆော်ခြင်း၊ ပညာပေးခြင်း၊ စည်းရုံးခြင်း လုပ်ငန်းများကို ဆောင်ရွက်ရန် လိုအပ်ပါသည်။ သမဂ္ဂပညာရေးသည် ခေါင်းဆောင်မှု ဖွံ့ဖြိုးတိုးတက်ရေး၊ သမဂ္ဂဖွဲ့စည်းပုံအတွင်း တက်ကြွစွာ ပါဝင်မှုမြင့်တင်ရေးအဆင့်တိုင်းတွင် ဒီမိုကရေစီ အလေ့အထများ အားကောင်းလာစေရေးအတွက် စဉ်ဆက်မပြတ်လေ့ကျင့်သင်ကြားမှုကို ဆောင်ရွက်ရန် လိုအပ်ပါသည်။

ဤ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ (၂၇-၂၈) ရက်နေ့များတွင် ကျင်းပပြုလုပ်သည့် CTUM - DTDA နိုင်ငံလုံးဆိုင်ရာ ပညာရေး ကွန်ဖရင့်သို့ တက်ရောက်လာကြသူများအနေဖြင့် CTUM အဆင့်အနေ အထားအသီးသီးရှိ သမဂ္ဂပညာရေး၏ လက်ရှိအနေအထားဆန်းစစ်ချက်၊ သမဂ္ဂအပေါ် လတ်တလောနှင့် ရေရှည် စိန်ခေါ်ချက်များ၊ သမဂ္ဂပညာရေးဖြင့် အဖြေရှာဆောင်ရွက်နိုင်သော ကိစ္စရပ်များနှင့် သမဂ္ဂပညာရေးကြောင့် CTUM နှင့် ယင်း၏ အဖွဲ့ဝင်အဖွဲ့ချုပ်များ သမဂ္ဂများ ပိုမိုတောင့်တင်းခိုင်မာရေးနှင့် ယင်းမှသည် မြန်မာနိုင်ငံ ဒီမိုကရေစီ ဖော်ဆောင်ရေးအတွက် အကျိုးသက်ရောက်စေမှုကို သတိထား အာရုံပြုမိသူများ ဖြစ်ကြပါသည်။

ဤကွန်ဖရင့်အနေဖြင့် CTUM ခေါင်းဆောင်မှုနှင့် မူဝါဒရေးဆွဲချမှတ်သူများအတွက် သမဂ္ဂဆိုင်ရာအလေးထားဆောင်ရွက်ဖွယ်ကိစ္စများနှင့် ယင်းကိစ္စရပ်များကို CTUM ၏အဖွဲ့အစည်း အဆင့်ဆင့်ရှိ ပုံမှန် သမဂ္ဂပညာရေး အစီအစဉ်များဖြင့် တိုးတက်အောင်ဆောင်ရွက်နိုင်ရန် သမဂ္ဂနည်းပြများဖြင့် နီးနှောဆွေးနွေးဖလှယ်ခွင့် ရရှိစေပါသည်။

ကွန်ဖရင့် ပေါ်အခြေခံ၍ ပေါ်ထွက်လာမည့် ဤ မူဝါဒသည် CTUM အနေနှင့် ဆောင်ရွက်မည့် သမဂ္ဂပညာရေးနှင့် ပညာရေးဝန်ဆောင်မှုလုပ်ငန်းများအတွက် ဖွဲ့စည်းတည်ဆောက်မှုပုံစံ၊ လုပ်ငန်းစဉ်များနှင့် အခြားလုပ်ငန်းစဉ်အဆင့်ဆင့်တို့အတွက် ထိရောက်သော ဝန်ဆောင်မှုများအတွက်ပါ အဓိကရည်မှန်းချက်များကို ပုံဖော်ပေးရန် လိုအပ်ပါသည်။

မူဝါဒကြေငြာချက်နှင့် ဆောင်ရွက်မှု ဧရိယာ

သမဂ္ဂပညာရေး၏ မူလရည်မှန်းချက်မှာ အလုပ်သမားများအနေနှင့် ယင်းတို့၏ လုပ်ငန်းခွင်နှင့် လူမှုရေး နယ်ပယ်တို့တွင် ပြုပြင်ပြောင်းလဲမှုများ အကောင်အထည်ဖော်နိုင်ရေးအတွက် အားဖြည့် ထောက်ပံ့ ပေးရန် ဖြစ်ပါသည်။ ယင်းအတွက် အဆင့်တိုင်းတွင် အလုပ်သမားအကျိုးစီးပွားကို ကာကွယ် မြှင့်တင်နိုင်စွမ်း ရှိစေသော ကျွမ်းကျင်မှု ဆောင်ရွက်နိုင်စွမ်းနှင့် သံမိဋ္ဌာန် တို့ကို အားဖြည့်ခိုင်မာစေသည့် အထောက်အကူများကို စဉ်ဆက် မပြတ်လုပ်ဆောင်မှသာ အောင်မြင်မှုရရှိစေနိုင်မည်ဖြစ်ပါသည်။

CTUM အတွင်း အဖွဲ့ဝင်ဦးရေး တိုးများ/ပွားလာနေချိန်တွင် ယင်း၏ ခေါင်းဆောင်မှုနှင့် အဖွဲ့ဝင်များ စွမ်းဆောင် ရည် တိုးတက်စေရန်အလို့ငှာ သင်တန်းလိုအပ်မှုများအတွက် အထောက်အကူများမှာ အကန့်အသတ် ရှိနေပါ သည်။ သင်တန်းများအတွက် ငွေကြေးအထောက်အကူသည် အများအားဖြင့် နိုင်ငံတကာအဖွဲ့အစည်းများ ဥပမာ - ILO၊ GUFs, နှင့် ဒိန်းမတ် သမဂ္ဂ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီ (DTDA) ကဲ့သို့ အခြားသော စီမံချက် မိတ်ဖက်များ ထံမှရရှိပါသည်။ (Solidarity Supporting organization)

CTUM အနေဖြင့် အင်အားများပြားလာသည့် အဖွဲ့ဝင်များအတွက် သမဂ္ဂပညာပေးအစီအစဉ်များကို အရေအတွက်နှင့် အရည်အသွေးပါ တိုးချဲ့ရန် လိုအပ်လျှက်ရှိနေပါသည်။ ဆိုလိုသည်မှာ CTUMသည် သမဂ္ဂပညာရေး လုပ်ငန်းစဉ်များ ကို အဖွဲ့ချုပ်များ အဖွဲ့ဝင်သမဂ္ဂများ၏ လိုအပ်ချက် ဦးစားပေးအစီအစဉ်များနှင့် လိုက်လျောညီထွေပြီး အရည် အသွေးမြင့်၊ ကုန်ကျစရိတ်နည်းပါးသည့် သင်တန်းများဆောင်ရွက်နိုင်ရန် အလို့ငှာ ယင်း၏ပညာရေး လုပ်ငန်းစဉ်များ တွင် ဖွံ့ဖြိုးတိုးတက်ရေး၊ စီမံချက်ရေးဆွဲရေး၊ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ ပြန်လှန်သုံးသပ်ရေး ကိစ္စရပ်များ တို့ကို နည်းစနစ်တကျ ဆောင်ရွက်သွားရန်ဖြစ်ပါသည်။

ယင်းလိုအပ်ချက်များကို ဖြည့်ဆည်းရန် CTUM နှင့် ယင်း၏ အဖွဲ့ဝင်သမဂ္ဂများသည် သင်တန်းအစီအစဉ်များကို မိမိတို့ကိုယ်ပိုင် သင်တန်းနည်းပြများဖြင့် ပို့ချနိုင်စွမ်းရှိရန် လိုအပ်ပါသည်။ ယင်းမှာ ဆီလျော်သော ကုန်ကျ စာရိတ်နည်းသော ပညာရေး သင်ရိုးညွှန်တမ်းထုတ်ဖော်နိုင်စွမ်း၊ သင်တန်းအစီအစဉ်ရေးဆွဲနိုင်စွမ်း၊ မိမိတို့ လိုအပ်ချက်နှင့်ကိုက်ညီသော သင်ထောက်ကူပစ္စည်းများ၊ အထောက်အကူပြုပစ္စည်းများကို အလေအလွင့် မဖြစ် စေရန်နှင့် ထပ်ပြန်တလဲလဲ ဖြစ်နေမှုကို ရှောင်ရှားနိုင်ရေးအတွက် အပြည်ပြည်ဆိုင်ရာ သို့မဟုတ် ဒေသအသီးသီး မှ ပညာရေးအစီအစဉ်များနှင့် ပူးပေါင်း ဆောင်ရွက်နိုင်စွမ်းတို့ ဖြစ်ပါသည်။

*ရွေးကောက်ခံ အလုပ်အမှုဆောင်များအတွက် သမဂ္ဂ စီမံခန့်ခွဲရေးနှင့် ခေါင်းဆောင်မှုသင်တန်း*

အခြေခံမှသည် အဖွဲ့ချုပ်များနှင့် နိုင်ငံလုံးဆိုင်ရာအဖွဲ့ချုပ်အထိ သမဂ္ဂများအနေနှင့် အကန့်အသတ်နှင့်သာ ရှိနေသော အရင်းအမြစ် အထောက်အကူများကို အသုံးပြုပြီး စည်းရုံးရေးနှင့် သမဂ္ဂဝင်များအတွက် လိုအပ်သော ဝန်ဆောင်မှုများပေးရန် ပိုမိုလိုအပ် လာနေချိန်တွင် သမဂ္ဂခေါင်းဆောင်များ၏ စိမံခန့်ခွဲမှုရေးရာ အားနည်းမှု ကြောင့် များစွာအခက်အခဲဖြင့် ကြုံတွေ့ရပါသည်။ မြန်မာ သမဂ္ဂလုပ်ရှားမှုခေါင်းဆောင်များသည် သမဂ္ဂအတွေ့ အကြုံနုနယ်သေးသူ ဖြစ်ပြီး၊ သမဂ္ဂဖွဲ့စည်းတည်ဆောက်မှု၊ စီမံခန့်ခွဲမှု၊ လုပ်ငန်တာဝန်များနှင့် ပါတ်သက်၍လည်း အတွေ့အကြုံအသိပညာ နည်းပါးကြပါသေးသည်။

သို့ဖြစ်၍ အခြေခံမှသည် နိုင်ငံလုံးဆိုင်ရာအဆင့်တိုင်းတွင် CTUM သမဂ္ဂအသီးသီး၏ အလုပ်အမှုဆောင် ကော်မတီဝင်များ အသီးသီးတို့အနေဖြင့် အဖွဲ့အစည်း ရေရှည်ရည်မှန်းချက် ချမှတ်ထားသည်နှင့်အညီ ခေါင်းဆောင်မှုသင်တန်း လုပ်ငန်းစီမံခန့်ခွဲမှု သင်တန်းများသို့ ပါဝင်တက်ရောက်ကြရန်နှင့် လူမှုရေးတရားမျှတမှု၊ လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် သွေးစည်းညီညွတ်မှု ပိုမိုတက်ကြွစွာဆောင်ရွက်ရန် တိုက်တွန်းတောင်းဆိုအပ် ပါသည်။

နိဂုံးချုပ်အနေနှင့် အောက်ပါ အချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန် အကြံပြုတင်ပြအပ်ပါသည်။

➢ အဖွဲ့ချုပ်နှင့် အဖွဲ့ဝင်သမဂ္ဂ အဆင့်အသီးသီးရှိ သမဂ္ဂ ခေါင်းဆောင်များအတွက် အသိပညာ၊ ကျွမ်းကျင်မှု နှင့် ခံယူချက်များအတွက် သင်တန်းလိုအပ်ချက်များကို ခွဲခြားစိတ်ဖြာသုံးသပ် လုပ်ဆောင်ရန်နှင့် စာပေး စာယူ သင်တန်းကို ပုံစံ (design) ချမှတ်ရန်နှင့် လိုအပ်သော သင်ကြားရန်အကြောင်းအရာများ ပြင်ဆင်ရန် ၊ သတ်မှတ်ရန်။

➢ အဖွဲ့အစည်းအနေနှင့် အဆင့်အသီးသီးမှ ရွေးကောက်ခံ အလုပ်အမှုဆောင်များသည် သင်တန်းများ တက်ရောက်ခဲ့ဖူးခြင်း ရှိ/မရှိ စစ်တမ်းကောက်ယူရန်

➢ အခြေခံသမဂ္ဂများ ဒေသဆိုင်ရာ သမဂ္ဂများ အဖွဲ့ချုပ်များနှင့် ရည်မှန်းအုပ်စု-သင်တန်းသားများ၊ ရည်ရွယ်ချက်များ၊ ဘာသာရပ်များ၊ ဘတ်ဂျက် နှင့် အခြားလိုအပ်ချက်များ ပါဝင်သည့် သမဂ္ဂ စီမံခန့်ခွဲမှု သမဂ္ဂခေါင်းဆောင်မှု တနစ်စာ သင်တန်းအစီအစဉ် မူကြမ်း ပြုစုပြီး အဖွဲ့ချုပ် အဖွဲ့ဝင်သမဂ္ဂများ ကဏ္ဍအဖွဲ့ချုပ်များ သို့ ဖြန့်ဝေရန် နှင့် အဆိုပါ ဌာန (Unit) ကို သက်ဆိုင်ရာသမဂ္ဂ အလိုက် ဖွဲ့စည်းပြီး အစီအစဉ်ကို ပါဝင်ကူညီရန်

အဖွဲ့ချုပ်တွင် ယခုအခါ ငွေကြေးနှင့် လူသားအရင်းအမြစ် အကန့်အသတ် ရှိနေသည့်အတွက် အထက်ဖော်ပြပါ အချက်အလက်များ စုဆောင်းမှုသည် သမဂ္ဂမိတ်ဖက်များ၊ သွေးစည်းညီညွတ်ရေး ကူညီထောက်ပံ့ပေးသည့် အဖွဲ့အစည်းများနှင့် အနာဂါတ် ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုများအတွက် ဆွေးနွေးရာတွင် အခြေခံ များအဖြစ် ကောင်းစွာ အထောက်အကူပြုရန်လိုအပ်ပါသည်။

*သင်တန်းနည်းပြများအတွက် သင်တန်းနှင့် သင်ရိုးညွှန်းတမ်းများ ဖော်ထုတ်ရန် အစုများ*

CTUM အနေနှင့် နည်းပြများ လေ့ကျင့်သင်ကြားပေးရန်၊ စုဖွဲ့မှုပြုရန် နှင့် ယင်းအစုတို့သည် အဆင့်ဆင့်သော သမဂ္ဂဝင်များ သမဂ္ဂလှုပ်ရှားတက်ကြွသူများ သမဂ္ဂ ခေါင်းဆောင်များ သမဂ္ဂဆိုင်ရာဘာသာရပ်၊ သင်ကြားမှုပုံစံ၊ နည်းစနစ်များနှင့် ကုန်ကျစရိတ် သက်သာသော သင်ကြားမှုသင်ရိုးညွှန်းတမ်းများကို စံသတ်မှတ်ရန် စဉ်ဆက် မပြတ်စေရန်။

နည်းပြဆရာဖြစ်သင်တန်းများသည် ပွင့်လင်း၍ သင်တန်းသားပါဝင်မှုရှိသော နည်းလမ်းကို သုံးရန်ဖြစ်သည်၊ ၎င်းသည် သင်တန်းသားများအတွက် အမြင့်ဆုံးသော သင်ယူရရှိနိုင်စွမ်းသာမက သမဂ္ဂတွင်း ဒီမိုကရေစီ လက်တွေ့ကျင့်သုံးမှုကို တိုးပွားစေသည်။ သင်တန်းသားပါဝင်မှုရှိစေသော သင်ကြားနည်းစံနစ် ထို့ထက်ပို၍ ပါဝင် ဆုံးဖြတ်မှု ပြုစေသောနည်းလမ်းတို့သည် သမဂ္ဂများအတွက် အင်အားနှင့် ခိုင်မြဲစေမှုအတွက် အခြေခံ အရင်း အမြစ်များ ဖြစ်သည်။ လူမှုအသိုင်းအဝိုင်းအပွင်း ဒီမိုကရေစီအုတ်မြစ်အတွက် သမဂ္ဂ၏ အခြေခံ လှုပ်ရှားမှုလည်း ဖြစ်ပါသည်။

သင်တန်းနည်းပြများအနေနှင့် စီမံခန့်ခွဲမှုနှင့် အစီအစဉ်ရေးဆွဲရာတွင်ကျွမ်းကျင်မှု၊ သင်တန်း မှတ်တမ်းပြုခြင်းနှင့် သင်တန်းသားများအနေနှင့် သမဂ္ဂလှုပ်ရှားမှုများတွင် တက်ကြွစွာ စတင်ပါဝင်လာမှု၊ ဆက်လက်ပါဝင်လာမှု အနေအထားများကို သုံးသပ်လာနိုင်ခြင်း တို့တွင် သင်တန်းနည်းပြများ တိုးတက်လာခြင်းသည် နည်းပြဆရာဖြစ် သင်တန်း ၏ အရေးပါသော ကိစ္စရပ်ဖြစ်သည်။ ထိုလုပ်ငန်းစဉ်များ ဆောင်ရွက်နေစဉ် သမဂ္ဂသည် အဖွဲ့အစည်း ဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အထောက်အပံ့များပေးရပါမည်။

မူဝါဒတစ်ရပ်အနေနှင့် သမဂ္ဂများသည် အခြားသောမိတ်ဖက်အဖွဲ့အစည်းများ (ဥပမာ ILO, DTDA) တို့နှင့် လုပ်ဆောင်လျှက်ရှိသောပညာရေးစီမံချက်များတွင် သင်ကြားလေ့ကျင့် နေသူများထဲမှ အနည်းဆုံး သင်တန်း နည်းပြတဦးကို မွေးထုတ်ရပါမည်။ (သင်တန်းပို့ချမှုနည်းနာ၊ သမဂ္ဂဆိုင်ရာ အထူးပြုနှင့် သင်ရိုးညွှန်းတမ်း အကြောင်းအရာများ) ယင်းတို့ဖြင့် လုံလောက်သော သင်တန်းနည်းပြများရရှိလာပါက ထိုမူလအခြေခံ သင်တန်း နည်းပြအစု (Core trainers) ကို လစဉ်အစည်းအဝေးများ နှင့် ပညာရေး ကွန်ဖရင့် (ဖြစ်နိုင်ပါက တနှစ်တကြိမ် ) ကျင်းပ လုပ်ဆောင်ပြီး အတွေ့အကြုံများဖလှယ်ခြင်း၊ သင်တန်းများကို တိုးတက်အောင် ဆောင်ရွက်ခြင်း၊

သင်ဆိုင်ရာ သတင်းအချက်အလက်များ အကြောင်းအရာအသစ်များကို ဝေမျှခြင်း၊ သင်ကြား ပို့ချမှုစနစ်၊ နည်းလမ်းအသစ်များ ဖော်ထုတ်ခြင်းနှင့် သမဂ္ဂခေါင်းဆောင်များ သမဂ္ဂဝင်များအတွက် ပိုမိုကောင်း မွန်သော ပညာရေးဝန်ဆောင်မှု ဖြစ်စေအောင် ဆောင်ရွက်ရန်

ယင်းအတွက် အခြေခံ မေးခွန်းများမှာ း

- မိမိတို့တွင် သမဂ္ဂအဖွဲ့ဝင်ဦးရေ မည်မျှရှိသလဲ၊ နောက်ထပ် ဘယ်လောက်ပိုများလာရန် မျှော်လင့်ထားသလဲ
- မိမိတို့တွင် အခြေခံသမဂ္ဂခေါင်းဆောင် ဘယ်နှစ်ဦးရှိသလဲ။ သူတို့အားလုံး လိုအပ်နေသော အခြေခံနှင့် အဆင့်မြင့်ခေါင်းဆောင်သင်တန်းများသို တက်ရောက်ပြီးပြီလား ရန်ဘယ်လောက် များများ တက်ရောက်ဘူးသလဲ။
- အသစ် ရွေးကောက်ခံရသော အခြေခံ သမဂ္ဂခေါင်းဆောင်များ ဘယ်လောက်ရှိသလဲ။ သူတို့အတွက် CTUM က ဘယ်လို သင်တန်းမျိုးပေးလိမ့်မလဲ

ထိုအတွက် အောက်ဖော်ပြပါ လုပ်ငန်းများကို အကြံပြုအပ်ပါသည်။

- ➢ အဖွဲ့အစည်းအတွင်း အဆင့်တိုင်းတွင် အစီအစဉ်ချမှတ်ခြင်း၊ လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း နှင့် ပြန်လှန်သုံးသပ်ခြင်း တို့အတွက် တာဝန်ခံသည့် အလုပ်ဖြစ်သော ပညာရေး စုဖွဲ့မှုဌာန/ ပညာရေးကော်မီတီ တည်ဆောက်ရန်
- ➢ ယင်းလုပ်ငန်းစဉ်များရလာဒ်ထွက်ပေါ်စေရန် အတွက် CTUM ပညာရေးဌာန သည် အဆင့်တိုင်းတွင် အစီအစဉ်ချမှတ်ခြင်း၊ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် ပြန်လှန်သုံးသပ်ခြင်း စသည့် သမဂ္ဂဝင်များအတွက် ပညာရေးဝန်ဆောင်မှုဆိုင်ရာ ပညာရေးစုဖွဲ့မှုကို ပူးပေါင်း ကူညီ ပေးရန်
- ➢ သမဂ္ဂပညာရေးစီမံချက်များသည် အဖွဲ့ချုပ်ကြီးတိုးတက်စေရန်နှင့် လိုအပ်ချက်များအပေါ် အခြေခံမိစေရန် ပညာရေးဆိုင်ရာ အချက်အလက်များ စုဆောင်းရန်
- ➢ သမဂ္ဂပညာရေးနှင့် သင်တန်းများအတွက် သမဂ္ဂရံပုံငွေ- လစဉ်ကြေးများ၏ ရာခိုင်နှုန်း တစုံတရာ သတ်မှတ်ချပေးနိုင်ရေးအတွက် မူကြမ်း/ဆုံးဖြတ်ချက်တရပ်ကို CTUM ဗဟိုမှုဆောင်အဖွဲ့သို့ တင်ပြရန်
- ➢ ရှိပြီးသော သင်တန်းနည်းပြများအစု (core Trainers) အနေနှင့် စုပေါင်းညှိနှိုင်းသဘောတူညီမှု စာချုပ် (CBA), လုပ်ငန်းခွင် ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေး (OHS) နှင့် လူမှုမိတ်ဖက်ဆက်ဆံ ရေး (Social Dialogue) တို့ကဲ့သို့သော အထူးပြုဘာသာရပ်များဆိုင်ရာ ဖွံ့ဖြိုးရေး နှင့် သုတေသန လုပ်ငန်းများ ဆောင်ရွက်ရန်

*ထိရောက်ပြီး အားကောင်းသော သမဂ္ဂများဖြစ်စေရန် သမဂ္ဂဝင်အစားစားအတွက် သင်တန်း*

သမဂ္ဂပညာရေးသည် စည်းရုံးရေးနှင့် သမဂ္ဂလုပ်ငန်းများတွင်ပါဝင်စေရေး အထူးသဖြင့် အဖွဲ့ဝင်အသစ်များနှင့် ယခင်ကသမဂ္ဂလုပ်ငန်းများတွင် တက်ကြွမှုမရှိသေးသော သမဂ္ဂဝင်များ ပါဝင်လာစေရေးကို အထောက်အကူပြုနိုင်ရပါမည်။ ယင်းအတွက် အခြေခံသမဂ္ဂဝင်များအတွက် ပညာပေးရန်မှာ အလွန်အရေးကြီးပါသည်။ သို့မှသာ ယင်းတို့သည် သမဂ္ဂ နေ့စဉ်လုပ်ငန်းများ၊ သမဂ္ဂလုပ်ငန်း ဆောင်တာများနှင့် သမဂ္ဂကို ထိတွေ့ဆက်စပ်မှု ရှိလာပေလိမ့်မည်။

ထိုသို့သော အဖွဲ့ဝင်သစ်များနှင့် အခြားသော အခြေခံ သမဂ္ဂဝင်များအတွက် ပညာရေးသည် အဖွဲ့အစည်းဆိုင်ရာ ကျွမ်းကျင်မှုနှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စရပ်များတွင် ခွဲခြားသုံးသပ်နိုင်သော စွမ်းရည်များ ဖွံ့ဖြိုးစေရန် အတွက် ရည်ရွယ်ပါသည်။ ဤပေါင်းစပ်မှုများသည် သမဂ္ဂ၏ ပြုပြင်ပြောင်းလဲနိုင်မှုစွမ်းရည်၊ ပြုပြင်ပြောင်းလဲမှုများကို ထိရောက်စွာတုံ့ပြန်နိုင်သောစွမ်းရည်များကို ခိုင်မာဖွံ့ဖြိုးစေနိုင်လိမ့်မည်ဖြစ်သည်။ သမဂ္ဂအနေနှင့် ၎င်းတို့၏ ပညာပေးလုပ်ငန်းစဉ်များထံမှ တန်ဖိုးရှိသော ပြန်လည်တင်ပြချက်များရရှိနိုင်ပြီး ပြောင်းလဲနေသော ဝန်းကျင်တွင် ထိရောက်သော ဖွဲ့စည်းမှုနှင့် စီမံဆောင်ရွက်နိုင်မှုကို ဖြစ်စေနိုင်ပါလိမ့်မည်။

သမဂ္ဂပညာရေးသည် ခိုင်မာသော၊ လွတ်လပ်၍အမှီခိုကင်းသော သမဂ္ဂများ တည်ဆောက်ရေးနှင့် အထောက်အကူပြုနိုင်ရေးအတွက် သူ၏ အခန်းကဏ္ဍကို ဆောင်ရွက်နိုင်စေရန် ရှင်းလင်းသော မူဝါဒတခု၊ စီမံချက်၊ ပညာရေးဆိုင်ရာ စုဖွဲ့မှုအထောက်အကူနှင့် လေ့ကျင့်သင်ကြားတားသော နည်းပြဆရာများ လိုအပ်ပါသည်။ သမဂ္ဂ အလုပ်အမှုဆောင်များ၊ တာဝန်ရှိသူများ နှင့် ဝန်ထမ်းများ သည် ရှေ့တွင် ယင်းတို့၏ အလုပ်တွင် ခက်ခဲရှုတ်ထွေးမှုနှင့် အလုပ်တာဝန်များပိုမိုလာမည် ဖြစ်သောကြောင့် ယင်းတို့အတွက်အတွက် ပညာပေးမှုနှင့် ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများတွင် ရင်းနှီးမြှုပ်နှံမှု သည်လည်း အလားတူ အရေးကြီးပါသည်။

ထိုအတွက် အောက်ပါ လုပ်ငန်းစဉ်များကို အကြံပြုအပ်ပါသည်။

- သင်တန်းစီမံချက် (အစဦးအနေနှင့် ၅ နှစ်စာ) ရေးဆွဲရန်၊ ယင်းတွင် သမဂ္ဂ အခြေခံသဘောတရားနှင့် အလုပ်သမားအခွင့်အရေးများကို သမဂ္ဂဝင်အသစ်များ၏ ၂၀% ကို သင်တန်းပို့ချရန်
- သမဂ္ဂအဖွဲ့အစည်းဆိုင်ရာ ထောက်ပံ့ကူညီမှုများ - သင်တန်းလိုအပ်ချက်များ၊ နည်းပညာ၊ ငွေကြေးအကူအညီ နှင့် မူဝါဒ ပိုင်းဆိုင်ရာကို ရှိနှင့်ပြီးသော သင်တန်းနည်းပြများ (Core Trainers) များအနေနှင့် အဖွဲ့ဝင်သစ်များအတွက် သင်တန်းပြုလုပ်ရာတွင် ထောက်ပံ့ကူညီရန်
- လုပ်သားဈေးကွက် လိုအပ်ချက်အရ သက်မွေးဝမ်းကျောင်းသင်တန်းများအပါအဝင် သမဂ္ဂပညာရေးဖွံ့ဖြိုးတိုးတက်ရေး မူဝါဒအတွက် သမဂ္ဂများကို အထောက် အကူပြုသည့် သမဂ္ဂများကိုယ်စားပြုမှုရှိသည့် လက်ရှိ ရှိနေသော (သို့မဟုတ်) ဖြစ်လာရန်ရှိသော လုပ်ငန်းအစုအဖွဲ့များကို လှုပ်ရှားဆောင်ရွက်မှု (Campaign)လုပ်ရန်
- သမဂ္ဂဝင်များ၏ အခြေခံပညာရေး မြှင့်တင်ရန် ပုဂ္ဂလိက (သို့မဟုတ်) အစိုးရပိုင် သင်တန်းကျောင်းများ နှင့် ပူးပေါင်းဆောင်ရွက်မှုများ တည်ဆောက်ရန်

### သမဂ္ဂ ပညာရေး အစီအစဉ်များ ဆောင်ရွက်မှုများမှတဆင့် အမျိုးသမီးအဖွဲ့ဝင်များနှင့် ခေါင်းဆောင်မှု အားကောင်းလာစေရေး

သမဂ္ဂပညာရေးအစီအစဉ်သည် သမဂ္ဂဖွဲ့စည်းပုံအဆင့်ဆင့်နှင့် စုဖွဲ့မှုများတွင် ကျားမ တန်းတူညီမှုကို လုပ်ငန်းခွင်အတွင်းတွင်လည်းကောင်း၊ အလုပ်သမားသမဂ္ဂအတွင်းတွင်လည်းကောင်း၊ လူမှုအသိုင်းအဝိုင်းအတွင်းတွင်လည်းကောင်း တိုးတက်အောင် ဖော်ဆောင်ရမည်။ မြန်မာအလုပ်သမားထုတွင် ၅၁ % သည် အမျိုးသမီးများဖြစ်ကြသည့်အတိုင်း သမဂ္ဂ ပညာရေးအစီအစဉ်များကို ပုံစံရေးဆွဲရာတွင်လည်းကောင်း၊ အကောင်အထည်ဖော်ရာတွင်လည်းကောင်း၊ စောင့်ကြပ်ကြည့်ရှုရာတွင်လည်းကောင်း၊ အမျိုးသမီးအလုပ်သမားတို့၏ အရေးအရာများ၊ အာရုံထားမှုများ၊ သမဂ္ဂမူဝါဒများ၊ လှုပ်ရှားဆောင်ရွက်မှုများ၊ အစီအစဉ်ရေးဆွဲမှုများနှင့် ဆုံးဖြတ်မှုများတွင် ပါဝင်ပါတ်သက်နိုင်မှု ရှိစေရမည်။ ကျားမ တန်းတူမှုဆိုင်ရာ အကဲဖြတ်မှုသည်လည်း သမဂ္ဂပညာရေး စီမံချက်အတွက် ပုံစံနှင့် ယင်းအတွက် အထောက်အကူ ကိစ္စများတွင် ထဲ့သွင်းစဉ်းစားမည်။

သမဂ္ဂသည် ဖြစ်တန်ခြေရှိသော အမျိုးသမီးခေါင်းဆောင်များကို ဖော်ထုတ်ပြီး သမဂ္ဂပညာရေးနှင့် နောက်ဆက်တွဲ လုပ်ငန်းများမှတဆင့် ထိုအမျိုးသမီးခေါင်းဆောင်များအတွက် ပိုမိုတက်ကြွသော အနေအထားနှင့် ကြီးမားကျယ်ပြန့်သော ခေါင်းဆောင်တာဝန်ဝတ္တရားများ တာဝန်ယူနိုင်စေရန် ပြည့်ဆည်းဆောင်ရွက်မည်။

အမျိုးသား အဆင့်မူဝါဒအရ သမဂ္ဂပညာရေး စီမံချက်များသည် အမျိုးသား အမျိုးသမီး အဖွဲ့ဝင်များ ခေါင်းဆောင်များအား အိုင်အယ်အို၏ မူဝါဒအခြေခံပြဋ္ဌာန်းချက်များထဲမှတခုဖြစ်သည် ပြဋ္ဌာန်းချက် အမှတ် ၁၁၁ (ခွဲခြားဆက်ဆံမှုဆိုင်ရာ)၊ ပြဋ္ဌာန်းချက် ၁၀၀ (တူညီသောအလုပ်အတွက် တူညီသောလုပ်ခ)၊ ပြဋ္ဌာန်းချက် ၁၅၆ (မိသားစုအတွင်း တာဝန်နှင့် အရေးပါမှု) နှင့် ပြဋ္ဌာန်းချက် ၁၈၃ (မီးဖွားခွင့်ဆိုင်ရာ) ၊ ၁၉၀ ပြဋ္ဌာန်းချက်များ ကို အပြည့်အဝ အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရေးအတွက် လှုပ်ရှားဆောင်ရွက်မှုများကို အားပေး ဆောင်ရွက်မည်။

အောက်ပါ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရန် လေးနက်စွာ အကြံပြုတင်ပြအပ်ပါသည်။

- အမျိုးသားနှင့် အမျိုးသမီး သင်တန်းသားများအတွက် ရည်ရွယ်၍ ကျားမရေးရာ အသိပညာပေးခြင်း အစီအစဉ်များကို ရေးဆွဲအကောင်အထည်ဖော်ရန်
- CTUM ဆောင်ရွက်မှုအားလုံးတွင် အနည်းဆုံး အမျိုးသမီး ၃၀% ပါဝင်ရေးကို မူဝါဒအဖြစ်ချမှတ်ရန် (လုပ်ငန်းကဏ္ဍများတွင် အမျိုးသမီးပါဝင်မှုနှုန်းပေါ် မူတည်၍)
- အမျိုးသမီးများအတွက် ခေါင်းဆောင်မှုသင်တန်း ပို့ချရန်
- အဆင့်တိုင်းတွင် အမျိုးသမီးပါဝင်မှု အကောင်အထည်ဖော်ရန်နှင့်
- CTUM အဖွဲ့ချုပ် ဖွဲ့စည်းပုံ အဆင့်တိုင်းတွင် အမျိုးသမီး များတာဝန်ခံမှုနှင့် ပါဝင်မှုလုပ်ဆောင်နိုင်ရေး အတွက် ထောက်ပံ့သည် ယန္တယား ပေါ်ထွက်စေရန်

*သမဂ္ဂပညာရေး၊ အလုပ်သမားအခွင့်အရေး နှင့် စည်းရုံးရေး*

သမဂ္ဂတိုးတက်ရေး၊ အခြားသော လူ့အခွင့်အရေးများထိန်းသိမ်း စောင့်ရှောက်ရေးတို့အတွက် သမဂ္ဂဝင်များ အတွင်း အသိအမြင်ဖွံ့ဖြိုးမှုနှင့် သံမိဋ္ဌာန်ခိုင်မာစေရန်မှာ သမဂ္ဂ သင်တန်းနည်းပြများ၏ အရေးကြီးသော အလုပ်တာဝန်တခု ဖြစ်သည်။ မြန်မာနိုင်ငံသည် သမဂ္ဂဖွဲ့စည်းခွင့်၊ ပူးပေါင်းပါဝင်ဆောင်ရွက်ခွင့် ဆိုင်ရာ ILO ပြဌာန်းချက် ၈၇ ကို လက်မှတ်ရေးထိုးထားပြီး အခြားသော အခြေခံအလုပ်သမားအခွင့်အရေးများကို အာမခံချက် ပေးထားသည့် ILO မူလအခြေခံသည့် ပြဌာန်းချက်များကို လက်မှတ်ရေးထိုးအတည်ပြုခြင်းမရှိသေးဘဲ ယင်းအခွင့် အရေးတို့သည် အဆက်မပြတ် တိုက်ခိုက်ခြင်းခံနေရပါသည်။

အဆိုပါအခွင့်အရေးများရရှိရန် သိမြင်နားလည်မှုနှင့် သံမိဋ္ဌာန်ခိုင်မာမှုတို့ကို အားဖြည့်သည့်အနေနှင့် သမဂ္ဂ အခြေခံပညာရေးအစီအစဉ်သည် သမဂ္ဂဝင်တို့၏ အသိအမြင်ကို မြှင့်တင်ရန်သာမက သမဂ္ဂခေါင်းဆောင်များ အတွက် ထိုအခွင့်အရေးများကို ရယူရန် လိုအပ်သောကျွမ်းကျင်မှုတို့ကို ရရှိစေနိုင်ပါသည်။ အဆင့်မြင့်သင်တန်း များဖြစ်သော စည်းရုံးရေး၊ စုပေါင်းညှိနှိုင်းသဘောတူညီမှု၊ ညှိနှိုင်းဖျန်ဖြေခြင်း၊ သမဂ္ဂတာဝန်ခံများနှင့် သမဂ္ဂ အခွင့်အရေး လှုပ်ရှားတက်ကြွသူများအတွက် အခြားသော အထူးပြု ဘာသာရပ်သင်တန်းများသည် စံချိန်မီ ခေါင်းဆောင်မှု ဖွံ့ဖြိုးတိုးတက်စေရေးလုပ်ငန်းစဉ်၏ အစိတ်အပိုင်းများဖြစ်ပါသည်။

ယင်းတို့အတွက် အောက်ပါအချက်များကို အကြံပြုတင်ပြအပ်ပါသည်။

- စုပေါင်းညှိနှိုင်းမှုသဘောတူညီချက်တွင် သမဂ္ဂခေါင်းဆောင်များ လှုပ်ရှားတက်ကြွသူများအနေဖြင့် သင်တန်းများတက်ရောက်ရာတွင် ခွင့်ရက် အဖြစ်ပါဝင်စေရေး
- အလုပ်သမားဥပဒေများ၊ အလုပ်သမားအခွင့်အရေးများ၊ အလုပ်သမားစံနှုန်းများ မြန်မာအလုပ်သမား ဥပဒေပါ အခွင့်အရေးများ ရပိုင်ခွင့်များ ထိရောက်စွာ အားဖြည့်ဆောင်ရွက်နိုင်ရေး၊ အထူးသဖြင့် လွတ်လပ်စွာ အသင်းအပင်းဖွဲ့စည်းခွင့်နှင့် စုပေါင်းညှိနှိုင်းခွင့် ဆိုင်ရာကိစ္စရပ်များနှင့် ပါတ်သက်၍ ဒေသ ဆိုင်ရာ အခြေခံသမဂ္ဂများအား ဥပဒေဆိုင်ရာရပိုင်ခွင့် သင်ကြားမှုအထောက်အကူနှင့် အရင်းအမြစ် ထောက်ကူပေးရန်
- အခြေခံသမဂ္ဂခေါင်းဆောင်များအတွက် အလုပ်သမားရေးရာအငြင်းပွားမှုများအတွက် "တိုင်ကြားစာ ရေးသားခြင်း" အပါအဝင်
- CTUM အနေနှင့် သမဂ္ဂအခြေခံသဘောတရား၊ သမဂ္ဂအခွင့်အရေး၊ စည်းရုံးရေး၊ လုပ်ငန်းများစီမံခန့်ခွဲမှု၊ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေး၊ ကျားမ တန်းတူမှု၊ ရွှေ့ပြောင်းအလုပ်သမားဆိုင်ရာ၊ လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး၊ မိတ်ဘက်များ ဆွေးနွေးဆက်ဆံရေးနှင့် ဖြစ်နိုင် ခြေများ၊ အပြည်ပြည်ဆိုင်ရာအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (ITUC)၊ နိုင်ငံတကာ သမဂ္ဂအဖွဲ့ချုပ်များ (GUFs) နှင့် ILO, SASK,FES,SC နှင့် DTDA ကဲ့သို့သော အလုပ်သမားသမဂ္ဂ သွေးစည်းညီညွတ်ရေး အထောက် အကူ အဖွဲ့များ (TUSS0s) နှင့် ပူးပေါင်းဆောင်ရွက်ရေး ဆိုင်ရာ အထူးပြုအစီအစဉ်များကို ချမှတ် အကောင်အထည်ဖော်ရန်။

- လုပ်ငန်းကဏ္ဍအဖွဲ့ချုပ်များ၏ အကြံပြုချက်များပေါ်မူတည်၍ CTUM ၏ ဦးစားပေးသင်ရိုးညွှန်းတမ်းများကို ဖော်ထုတ်ရန်။

---

အောက်တွင် လက်မှတ်ရေးထိုး ခြင်းအားဖြင့် ကျွန်ုပ်တို့သည် ကွန်ဖရင့်မှ ချမှတ်လိုက်သည့် ဤ အကြံပြုတင်ပြချက်များ၊ လုပ်ဆောင်ရန်အစီအစဉ်များနှင့် တင်ပြတောင်းဆိုထားချက်များအား CTUM ဗဟိုကော်မတီအနေနှင့် "ပညာရေးမှသည် သမဂ္ဂများ ခိုင်မာတောင့်တင်းစေရေးအတွက် CTUM ၏ ပညာရေးမူဝါဒများ" အဖြစ် လက်ခံဆွေးနွေး စဉ်းစားဆုံးဖြတ်နိုင်ရန် တင်ပြအပ်ပါသည်။

| NAME<br>အမည် | UNION/FEDERATION<br>သမဂ္ဂ/အဖွဲ့ချုပ် အမည် | SIGNATURE<br>လက်မှတ် |
| --- | --- | --- |
| | | |

DRAFT